(၁၆၇၀)ပုဒ်ပြီး၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ပုဒ်ပေါင်းဆိုလို၏။

## ယခုပင် ဝိပဿနာရှုနေပေတော့အံ့

ဟန္ဒာဟံ ဣဒမေဝ မနသိကရောမိ၊

ဣတိစက္ခုံ အနိစ္စံ။ (သံ၊ ၂၊ ၃၇၈) အောက်ဆုံး။

ရူပါ အနိစ္စာ။

စက္ခုဝိညာဏံ အနိစ္စံ။

စက္ခုသမ္ဖဿော အနိစ္စော

စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ

ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာဉပ္ပဇ္ဇတိ

ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ

တမ္ပိ၊ အနိစ္စံ။

ဟန္ဒ၊ ယခုပင်။ အဟံ၊ ငါသည်။ ဣဒမေဝ၊ ဤတရားကိုသာလျှင်။ မနသိကရောမိ၊ နှလုံးသွင်းနေပေတော့အံ့။

ဣတိ၊ ဤကား။ စက္ခုံ၊ စက္ခုပသာဒ အကြည်ဓာတ်သည်။ အနိစ္စံ၊ မမြဲ။

ရူပါ၊ အဆင်းဓာတ် ရူပါရုံသည်။ အနိစ္စာ၊ မမြဲ။

http://www.dhammadownload.con



စက္ခုဝိညာဏံ၊ မြင်သိစိတ်သည်။ အနိစ္စံ၊ မမြဲ။

စက္ခုသမ္ဖဿော၊ စက္ခုရုပ်ပါရုံ မြင်သိစိတ်ဆုံခြင်း ထိသဘော သည်။ အနိစ္စော၊ မမြဲ။

စက္ခုသမ္ဖဿပစ္စယာ၊ စက္ခုရုပ်ပါရုံ မြင်သိဆုံခြင်းကြောင့်။

ဝေဒယိတံ၊ ခံစားအပ်သော။

သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ သုခမှုလည်းဖြစ်ဖြစ်၊ ဒုက္ခမှု လည်းဖြစ်ဖြစ်၊ အဒုက္ခမသုခမှုလည်းဖြစ်ဖြစ်။ ယံဝေဒယိတံ၊ အကြင် ခံစားခြင်းသည်။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ မနသိကရောမိ၊ နှလုံးသွင်းနေပေတော့အံ့။

ယောဂီရဟန်းသူမြတ်သည်၊

စက္ခု-အစ မနောသမ္ဖဿဇာဝေဒနာ–အဆုံး (၃၀)သော ဓမ္မ သဘာဝကို အနိစ္စဟု ရှုရပါသည်။ ဒုက္ခဟု ရှုရပါသည်။ အနတ္တဟု ရှုရပါသည်။ အနိစ္စ (၃၀)၊ ဒုက္ခ (၃၀)၊ အနတ္တ (၃၀) ပေါင်း (၉၀) မပြတ်ရှုဆင်ခြင်နေရပါသည်။ ယင်းသို့ ဆင်ခြင်သည်ကိုပင် ဝိပဿနာ အားထုတ်၏ဟုဆိုသည်။

## မဟာသတိပဋ္ဌာန် ရစေချင်ပါ၏

ရွှေအတိပြီးသော သေတ္တာကိုရသော လုလင်သည်၊ ဝတ်ပိုင်း ဝတ်စုတ် ဝတ်မှိုက်ထုပ်ကို မထည့်ဘဲ စိန်ကျောက်ရတနာ အဖြာဖြာကို သာ ထည့်ထားလေဘိသကဲ့သို့။

http://www.dhammadownload.con



ကုရုတိုင်းသား ပရိသတ်လေးပါးကို ရတော်မူသော မြတ်စွာဘုရားသည် ထိုပရိသတ်၏သန္တာန်၌ စိန်ကျောက်ရတနာ အဖြာဖြာနှင့် တူသော မဟာသတိပဋ္ဌာန်ကို သွတ်သွင်းချီးမြှင့် ပေးသနားထည့်ထားတော်မူ၏။

တန်ဖိုးမဖြတ်နိုင်သော လူ့ဘဝ လူ့ခန္ဓာကိုယ်ကို ရကြရာ၊ ဝတ်ပိုင်း ဝတ်စုတ် ဝတ်မှိုက်ထုပ်ကိုသာ ထည့်ထားသူ မဖြစ်ကြစေလင့်။ စိန် ကျောက်ရတနာ အဖြာဖြာနှင့်တူသော မဟာသတိပဋ္ဌာန်ကို ထည့်သွင်းထားသူများ ဖြစ်စေချင်ပါ၏။

မိမိကိုယ်ကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်တတ်လိုကြသောသူတို့သည် မဟာသတိပဋ္ဌာန်ကို လေ့ကျက်ဆောင်ထားကြကုန်၏။

မဟာဒတ္တနွားလားသည်၊ နွားအဖြစ်၌တည်လျက်၊ မဟာသတိပဋ္ဌာန်ကို ကြားနာရစဉ် ကွယ်လွန်၏။ နတ်သမီးတစ်ထောင်ခြံရံလျက် နတ်သားအဖြစ်ကို ရ၏။ မဟာသတိပဋ္ဌာန်ကိုပင် တစ်ဖန်ကြားနာရ၏။ နတ်သမီးတစ်ထောင်နှင့်အတူ သောတာပန်အဖြစ်သို့ရောက်ပေသည်။

သို့စင်လျက် ဖြစ်နိုင်တုံဘိသေး၏။ အဖိုးမဖြတ်နိုင်သော လူ၏အဖြစ်၌ကား အဘယ်မှာလျှင် မဖြစ်ဘဲရှိရာအံ့နည်း။ ဖြစ်ရမည်မှာမြေကြီးလက်ခတ်မလွဲ ဖြစ်ရမည်သာတည်း။

ကကုသန်ဘုရားရှင် ရှေ့လက်ထက်တော်၌၊ ဆွမ်းစားကျောင်းအနီး၌ ကျက်စားသော ကြက်မသည်၊ ဝိပဿနာကမ္မဋ္ဌာန်း တရားစာရွတ်ဆိုပွားများသော ရဟန်း၏ တရားအသံ ကြားနာအာရုံယူခိုက်

http://www.dhammadownload.con



သေ၏။ ဥပရိမည်သော မင်းသမီးအဖြစ်သို့ ရောက်ရတုံသေး၏။

ထို့နောက် ဘဝခြား၍ ငါတို့ဘုရားရှင်သည် ထိုဝက်မငယ်ကို မြင်တော်မူ၍၊ ယထာပိမူလေ အနုပဒ္ဒဝေ-အစရှိသောတရားကို ဟောကြားတော်မူ၏။ များစွာသော ပရိသတ်တို့သည် သောတာပန် အဖြစ် စသည်သို့ရောက်ကြကုန်၏။ ထိုဝက်မငယ်သည်၊ ဝက်မငယ် အဖြစ်လွန်၍ သုဝဏ္ဏဘူမိ၌ မင်းသမီးအဖြစ်ကို ရ၏။ ထိုနောက် ဘဝ ခြား၍ သူကြွယ်သမီး သုမနဖြစ်၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ အမတ်ကြီး သည်သူကြွယ်သမီးသုမနကို ကြီးစွာသော မင်္ဂလာပြု၍ ဆောင်ယူ၏။

မဟာအနုရုဒ္ဓါထေရ်သည်၊ ဆွမ်းခံကြွစဉ်မြင်ရ၍။ ငါရှင်တို့ ဝက်မငယ်သည် အမတ်ကြီးမယားအဖြစ်သို့ ရောက်ရသည်ကား အံ့ဖွယ်ရှိပေစွဟု ရဟန်းတို့နှင့်ပြော၏။ ထိုစကားသံကို သုမနကြား လေလျှင် အတိတ်ဘဝကို ဖွင့်လှစ်၍ မြင်နိုင်သော ဉာဏ်အမြင်ရ၏။ ကြီးစွာထိတ်လန့်၏။ ခင်ပွန်းလင်ကို တောင်းပန်၍ ရဟန်းမပြု၏။ မဟာသတိပဋ္ဌာန်ကို တစ်ဖန်ကြားနာရ၏။ သောတာပန်အဖြစ်သို့ ရောက်ရလေတော့၏။

သို့စင်လျက်၊ ဖြစ်နိုင်တုံဘိသေး၏။ အဘိုးအနဂ္ဃထိုက်တန် သော လူအဖြစ်ကား အဘယ်မှာ မဖြစ်နိုင်ဘဲ ရှိချေအံ့နည်း။

- ကမ္မဋ္ဌာန်းဆရာသည်လည်းကောင်း၊
- တပည့်ယောဂီသည်လည်းကောင်း၊
- မဟာသတိပဋ္ဌာန်ကို အရဆောင်စေချင်ပါ၏။

http://www.dhammadownload.con



## ကျက်စားစရာစားကျက်

တရံရောအခါ ဗီလုံးငှက်သည် မိမိစားကျက်မှလွန်၍ သူတစ်ပါးစားကျက်၊ ကျက်စားမိ၏။ သိန်းစွန်သုတ်ချီခြင်းသို့ ရောက်ရ၏။ ကြီးစွာသောဆင်းရဲသို့ သက်ဆင်းရပေ၏။ (သတိပဋ္ဌာနသံယုတ်) (သံ/၃/၁၂၇)

ယောဂီရဟန်းသူမြတ်သည်လည်း၊ မိမိအဖ မြတ်စွာဘုရားစားကျက်ဖြစ်သည့် သတိပဋ္ဌာန်အာရုံ၌သာ ကျက်စားရပေမည်။ သတိပဋ္ဌာန်အာရုံ စားကျက်မှလွန်၍ အခြားကာမဂုဏ်အာရုံ ကျက်စားမိလျှင်ဖြင့် မာရ်မင်း၏ ကျော့ကွင်းသို့ သက်ဆင်းရ၏။ မာရ်မင်းအလိုသို့ လိုက်ပါရတော့၏။ ကြီးစွာသော ဆင်းရဲတွင်းသို့ အဖန်တလဲလဲ သက်ဆင်းရပေတော့၏။

ဆီအတိပြည့်သည့် သပိတ်ပိုက်၍ လူသူထူထပ်လှသည့် ပွဲခင်းအလယ်တိုးဝင်သွားရမည့် ရာဇဝတ်သား၊ ဆီတစ်စက်မျှ ယိုဖိတ်ကျက၊ သင့်ဦးခေါင်း သန်လျက်ဖြင့် ဖြတ်အံ့ဟု သံလျက်မိုးလျှက် လိုက်ပါလာချေသည်။ အသက်အန္တရာယ် ဦးခေါင်းပြတ်မည့်ဘေးမှ ကြောက်ရွံ့၏။ ဆီစက်ကျမည့်အရေး မကျအောင်သတိဖြင့် မပြတ်နှလုံးသွင်းသွားရပေသည်။

ယောဂီရဟန်းသူမြတ်လည်း အပါယ်ကျမည့်အရေး၊ ဇာတိစသော ဝဋ္ဋဒုက္ခတို့မှ ကျွတ်လွတ်မည့်အရေး၊ အစဉ်တွေးကြောက်ရွံ့ရ၏။ မဟာသတိပဋ္ဌာန်အာရုံ စားကျက်မှလွန်၍ ကာမဂုဏ်အာရုံစားကျက် မကျက်စားဘဲ အာရုံမယူဘဲ၊ မိမိအဖ မြတ်စွာဘုရား

http://www.dhammadownload.con



ကျက်စားရာ အာရုံ သတိပဋ္ဌာန်ကိုသာ ကျက်စားရမည်၊ အာရုံယူရမည်ဟု သိရပါသည်။ (မဟာဝဂ္ဂသံယုတ်) (သံ/၃/၁၄၇)

ဤမျှ ကျင့်သုံးလျှင်၊ ဥပမာ ရေမွတ်သိတ်ရေဆာသူ ရေရှာ၏။ ရေတွင်း၌ ရေကိုမြင်ရ၏။ ကြိုးနှင့်ပုံး မပြည့်စုံ၍ ရေမသောက်ရသေး။ ယောဂီရဟန်းသူမြတ်လည်း၊ ဝိဇ္ဇာနှင့်စာရဏ မပြည့်စုံသေး၍ နိဗ္ဗာန ခတ်သို့ မသက်ရောက်ရသေး၊ သို့ပေမယ့် အာရုံပြုသောအားဖြင့် အနုဗောဓဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ကျင့်သုံးအားထုတ်ရသည်မှာ အလွန်အကြူး အထူးပင် ဉာဏ်အမြင် အလေ့အကျက် အားကောင်းလာပေတော့သည်။ (သံ/၁/၃၃၉)

## အာနာပါန ကောက်နုတ်ချက်

အို ရဟန်းတို့ -

သတိလွတ်သောသူအား
ပညာအဆင်ခြင်ကင်းသောသူအား
အာနာပါနဿတိဘာဝနာကို
ငါဘုရားဟောတော်မမူ၊
သတိသမ္ပဇဉ်နှင့် ပြည့်စုံသောသူအားသာ
အလုံးစုံသော ကမ္မဋ္ဌာန်းသည် ပြည့်စုံ၏။

အာနာပါနဿတိ ကမ္မဋ္ဌာန်းသည်ကား -

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော် ယောက်ျားမြတ်တို့သာလျှင် နှလုံးသွင်းရာ ဌာနဖြစ်၏။ သိမ်သိမ်ငယ်ငယ်မဟုတ်။

http://www.dhammadownload.con



သာမာန်လူစားများ၊ နည်းနာကျကျ၊ သဘာဝအညီ မှီဝဲနိုင်သည် မဟုတ်။ အကြောင်းအကြောင်းသို့ နှလုံးသွင်း၏။ ထိုနှလုံးသွင်းသောအတိုင်း၊ ငြိမ်သက်သည်လည်း ဖြစ်၏။ သိမ်မွေ့သည်လည်းဖြစ်၏။ ထို့ကြောင့် အာနာပါန အားထုတ်သူသည် ကြီးစွာသော သတိပညာကို အလိုရှိအပ်လေသည်။ (ဝိသုဒ္ဓိမဂ်ပြန်-ပ-၅၆၆/အပိုဒ်-၂၃၀)

အာနာပါန၌ ဥပမာကား- လိမ္မာသော ပန်းပွတ်သမားသည်၊ စည်ကြီးအစရှိသည်ကို ပွတ်လုပ်သောအခါ၊ ပွတ်ကြိုးကို ရှည်ရှည် ဆွဲငင်သကဲ့သို့၊ ဆံထိုး ဆံကျင်အစရှိသည်ကို ပွတ်လုပ်သောအခါ၊ ပွတ်ကြိုးကို တိုတိုဆွဲငင်သကဲ့သို့။ ထို့အတူ ထွက်သက်ဝင်သက်ကို ရှည်ရှည်ဖြစ်စေသည့်အခါ၊ ထွက်သက်ဝင်သက်ကို ရှည်ရှည်ဖြစ်စေသည်။ တိုတိုဖြစ်စေသည့်အခါ၊ တိုတိုဖြစ်သည်ဟု အောက်မေ့ခြင်း သတိကို ပြုရာသည်။

ထိုသို့ ထွက်သက်ဝင်သက်ကို အရှည်အတိုအားဖြင့် အောက်မေ့သိမ်းဆည်းခြင်း သတိရှိရမည်။

ထွက်သက် ဝင်သက်သည် ရုပ်မည်၏။

ရုပ်ဖြစ်သော အာရုံကို တွေ့ထိတတ်သောသဘောသည် ဖဿ။

ရုပ်ဖြစ်သော အာရုံကို ခံစားတတ်သောသဘောသည် ဝေဒနာ။

ရုပ်ဖြစ်သော အာရုံကို မှတ်၍ သိတတ်သောသဘောသည် သညာ။

ရုပ်ဖြစ်သော အာရုံသို့ ရှေ့ရှုတင်တတ်သောသဘောသည် စေတနာ။

http://www.dhammadownload.con



ရုပ်ဖြစ်သော အာရုံကို အထူးသဖြင့် သိတတ်သောသဘော
သည် ဝိညာဉ်။

ဟု ဆိုအပ်သော ဖဿပဉ္စမက တရားငါးပါး အပေါင်းသည်၊ ရုပ်ကိုညွတ်၍ သိတတ်သောကြောင့် နာမ်မည်၏။ ရုပ်နာမ်ဖြစ်ခြင်း၏ အကြောင်းကား -

အဝိဇ္ဇာ တဏှာ အစရှိသော တရားများဖြစ်၏။

အကြောင်းတရားကို စွဲ၍ အကျိုးတရားဖြစ်ခြင်းမျှသာ၊ ငါ သူတစ်ပါး၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ အဟုတ်ကား- အကြောင်းနှင့် တကွသော နာမ်ရုပ်တရားကို

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု
လက္ခဏာရေးသုံးပါးသို့တင်၍
ဝိပဿနာကို ရှုဆင်ခြင် နှလုံးသွင်းမပြတ်
အောက်မေ့ခြင်းကို ပြုရာသည်။

## ဣရိယာပထ ကောက်နုတ်ချက်

ခွေးစသော သတ္တဝါတို့ပင်သော်လည်း၊ သွားလျှင် သွား၏ဟု သိကြကုန်၏။ ယင်းသို့ သိခြင်းသည်

ငါဟူသော အမှတ်သညာမကွာ
သတ္တဝါဟူသော အယူကိုလည်းမစွန့်
ကမ္မဋ္ဌာန်းလည်းမဖြစ်၊ သတိပဋ္ဌာန်လည်းမဟုတ်။

သွားလျှင် သွား၏၊ ရပ်လျှင် ရပ်၏၊ ထိုင်လျှင် ထိုင်၏၊ လျောင်းလျှင် လျောင်း၏ဟု အောက်မေ့သိမ်းဆည်းသတိကို ဖြစ်စေ

http://www.dhammadownload.con



ရ၏။ သွား၊ ရပ်၊ ထိုင်၊ လျောင်းတတ်သော ငါသူတစ်ပါးမရှိ။ သွားမည်၊ ရပ်မည်၊ ထိုင်မည်၊ လျောင်းမည်ဟု စိတ်သည်ဖြစ်၏။ စိတ်ဖြစ်သည်နှင့်တစ်ပြိုင်တည်း၊ စိတ်ကြောင့်ဖြစ်သော လှုပ်ရှားသော ဝါယောဓာတ်ရုပ်သည်ဖြစ်၏။ လှုပ်ရှားဝါယောဓာတ် ပျံ့နှံ့သဖြင့် လျောင်းထိုင်ရပ်သွား ဖြစ်ရပေသည်။

ဥပမာ လှည်းသမားလှည်းနှင်သည်ရှိသော် လှည်းသွားသည်ရပ်သည်ခေါ်ဝေါ်ခြင်းမျှသာဖြစ်၏။ လှည်းသမားနှင့်တူသော သွားလို၊ ရပ်လို၊ ထိုင်လို၊ လျောင်းလိုသောစိတ်သည် နွားနှင့်တူသော စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်လှုပ်ရှားမှုကို ဖြစ်စေ၏။ လှည်းနှင့်တူသော တစ်ကိုယ်လုံးရှေ့တက်သည်ကို သွားသည်ဟု ဆိုအပ်၏။

သွားလို ရပ်လိုသောစိတ်ကား နာမ်တရားဖြစ်၏။

လှုပ်ရှားသော ဝါယောဓာတ်ကား ရုပ်တရားဖြစ်၏။

ရုပ်နာမ်သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ အနိစ္စ ဒုက္ခ အနတ္တသာ ဟုတ်သည်ဟု ဝိပဿနာဉာဏ်ဖြင့် မပြတ်နှလုံးသွင်းရှု ဆင်ခြင်အောက်မေ့ခြင်းကို ပြုရာသည်။

## သမ္ပဇဉ် ကောက်နုတ်ချက်

၁။ ရှေ့တက်၊ နောက်ဆုတ်။

၂။ တူရူကြည့်၊ စောင်းငဲ့ကြည့်။

၃။ ကွေး၊ ဆန့်။

၄။ အဝတ်ပုဆိုးဝတ်။

၅။ စား၊ သောက်၊ ခဲ၊ လျက်။

http://www.dhammadownload.con



၆။ ကျင်ကြီး၊ ကျင်ငယ်စွန့်။

၇။ သွား၊ ရပ်၊ ထိုင်၊ အိပ်၊ နိုး၊ စကားဆို၊ ဆိတ်ဆိတ်နေ။

ဤ (၇)ဌာန၊ အချက် (၂၂)ချက်၌ သမ္ပဇဉ် (၄)ပါးနှင့် ညှိ၍ (၈၈)ချက် ပညာဉာဏ် အဆင်အခြင် ပြုရာသည်။

အသို့ပြုရမည်နည်း ဟူမူကား
အကျိုးရှိ မရှိ၊ အကျိုးပင်ရှိသော်လည်း
သင့် မသင့်၊ အကျိုးလည်းရှိ သင့်လည်း
သင့်သော်လည်း၊ နာမ်ရုပ် ကမ္မဋ္ဌာန်းအာရုံ
ယူမိ မယူမိ၊ ကမ္မဋ္ဌာန်းအာရုံ ယူမိသော်လည်း
ကမ္မဋ္ဌာန်းတရားဖြစ်သည့် ရုပ်တရား နာမ်တရားများကို
အနိစ္စ ဒုက္ခ အနတ္တဟု ပညာဉာဏ်ဖြင့်
ရှုမိ မရှုမိကို၊ သတိသမ္ပဇဉ် အစဉ်မပြတ်
နှလုံးသွင်း အောက်မေ့ အားထုတ်ခြင်းအမှုကို
ပြုကြရာသည်။

## ပဋိက္ကူလမနသိကာရ ကောက်နုတ်ချက်

ဥပမာ၊ ကောက်မျိုးပဲနှမ်းဆန်တို့ဖြင့်ပြည့်သော အောက်အထက် အဝနှစ်ဘက်ရှိသောအိပ်ကို ဖြေ၍ကြည့်သည်ရှိသော် မျက်စိ အမြင်ရှိသော ယောကျ်ားသည် –

ဤကားသလေး။ ဤကားကောက်။
ဤကားပဲနောက်။ ဤကားပဲလွန်း။ ဤကားနှမ်း။
ဤကားဆန်ဟူ၍ ဆင်ခြင်အောက်မေ့ရာသကဲ့သို့၊

http://www.dhammadownload.con



ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ယောဂီသူမြတ်သည်၊

ခြေဖဝါး အပြင်မှသည် အထက်ဆံဖျားတိုင်အောင် ဤသို့ ဆင်ခြင်အောက်မေ့ရာသည်။

ဤကားဆံ။ ဤကားအမွေး။ ဤကားခြေသည်းလက်သည်း။

ဤကားသွား။ ဤကားအရေ။

ဤကားအသား။ ဤကားအကြော။ ဤကားအရိုး။

ဤကားခြင်ဆီ။ ဤကားအညို့။

ဤကားနှလုံးသား။ ဤကားအသည်း။ ဤကားအမြှေး။

ဤကားအဖျဉ်း။ ဤကားအဆုတ်။

ဤကားအူမ။ ဤကားအူသိမ်။ ဤကားအစာသစ်။

ဤကားအစာဟောင်း။ ဤကားဦးနှောက်။

ဤကားသည်းခြေ။ ဤကားသလိပ်။ ဤကားပြည်။

ဤကားသွေး။ ဤကားချွေး။ ဤကားအဆီခဲ။

ဤကားမျက်ရည်။ ဤကားဆီကြည်။ ဤကားတံတွေး။

ဤကားနှပ်။ ဤကားအစေး။ ဤကားကျင်ငယ်ဟု

(၃၂)ပါးသော စက်ဆုတ်ရွံ့ရှာဖွယ်အစု အတိသာ ပြည့်လေသည်ဟု ဆင်ခြင်အောက်မေ့ရာသည်။

http://www.dhammadownload.con



## ဓာတုမနသိကာရ ကောက်နုတ်ချက်

ဥပမာ၊ နွားသတ်ယောက်ျားသည် နွားကို အစားကျွေးမွေးသည့်အခါ၊ သတ်ရာသို့ ဆောင်ယူသည့်အခါ၊ သတ်၍ သေသည့်အခါ နွားဟူသော အမှတ်အသား သညာရှိပေသည်။

အသားတစ်ခြား၊ အရိုးတစ်ခြား၊ အရေတစ်ခြား၊

အကြောတစ်ခြား၊ အသီးသီးအစုအပုံ ဝေဖန်ပိုင်းခြားသည့်အခါ၌ကား၊ နွားဟူသော အမှတ်သညာကင်း၏။ အမဲဟူသော အမှတ်သညာဖြစ်၏။ ငါအမဲရောင်းသည်ဟူသော အမှတ်သညာဖြစ်၏။ ထိုသူတို့ အမဲဝယ်သည်ဟူသော အမှတ်သညာဖြစ်ကြသကဲ့သို့ သွားရပ် ထိုင် လျောင်းဟူသော လေးပါးဖြစ်တည်သော ဤကိုယ်သည်

၁။ ကြမ်းတမ်းခက်မာခြင်း ပထဝီဓာတ်

၂။ ပျော့ညံ့ဖွဲ့စည်းခြင်း အာပေါဓာတ်

၃။ ရင့်ခြင်းကျက်ခြင်း တေဇောဓာတ်

၄။ တုန်လှုပ်ထောက်ပံ့ခြင်း ဝါယောဓာတ်

လေးပါးသော အဖို့အစုသာရှိသည်ဟု ဆင်ခြင်အောက်မေ့ရာသည်။ ဆင်ခြင်အောက်မေ့သောအခါ ငါ သူဟူသော အမှတ်သညာ ကွာ၏။ မဆင်ခြင် မအောက်မေ့သောအခါ၊ ငါ သူတစ်ပါးဟူသော အမှတ်သည် ထင်ပြန်၏။

ထို့ကြောင့် အစဉ်သဖြင့် ဓာတ်လေးပါး အစုအဖို့သာရှိသည်ဟု မပြတ်နှလုံးသွင်း အောက်မေ့အားထုတ်ခြင်းကို ပြုကြရာသည်။

http://www.dhammadownload.con



## နဝသိဝထိက ကောက်နုတ်ချက်

၁။ သေ၍ တစ်ရက်နှစ်ရက် သုံးရက်ရှိ၍ သချိုင်းစွန့်ပစ်အပ်သော ဖူးဖူးရောင်သောအကောင်။
အဖြူ, အနီရောသော ညိုသောအဆင်းရှိသော အကောင်။
ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြိုးဖြိုးရွံ့ရှာဖွယ်ရှိသော အကောင်။

၂။ ကျီး, လင်းတ, ခွေးအစရှိသော အကောင်တို့ ထိုးဆွကိုက်ခဲသည့် အကောင်။

၃။ အသွေးအသားနှင့်အတူ အကြောမပြတ်သေးသော အရိုးစု ရှိသောအကောင်။

၄။ အသားမကပ် အသွေးလိမ်းကျံ၍ အကြောမပြတ်သေးသော အရိုးစု။

၅။ အသားအသွေးမကပ် အကြောမပြတ်သေးသော အရိုးစု။

၆။ လက်ရိုး, ခြေရိုး, ဖမျက်ရိုး, မြင်းခေါင်းရိုး, ပုဆစ်ရိုး, ခါးရိုး, ပေါင်ရိုး, နံရိုး, ကျောရိုး, လက်ပြင်ရိုး, လည်ရိုး, မေးရိုး, သွားရိုး, ဦးခေါင်းရိုး, ဖရိုဖရဲ အကွဲကွဲအပြဲပြဲ ဖြစ်နေကြသည်။

၇။ ဖွေးဖွေးဖြူသော အရိုးစု။

၈။ နှစ်လည်ခါကျူး လွင်တီးခေါင်၌ ဟောင်းမြင်းစုပုံထားသောအရိုးစု။

၉။ ဆွေးပုတ် မှုန့်မှုန့်ညက်ညက်ဖြစ်လေပြီးသော အရိုးစု။
အသီးသီးကို မြင်သည့်ကာလ၊ မြင်အောင်အာရုံယူ၍
ငါ၏ကိုယ်သည်လည်း ဤကဲ့သို့သော သဘောရှိ၏။
ဤသို့ ဖြစ်ရအုံးမည်။

http://www.dhammadownload.con



ဤအဖြစ်မျိုးကို မလွန်ဆန်နိုင်ဟု
မပြတ်နှလုံးသွင်း ဆင်ခြင်အောက်မေ့ အားထုတ်ခြင်းကို ပြုကြရာသည်။

ကာယနုပဿနာ (၁၄)ပါး ကောက်နုတ်ချက်
ကျင့်သုံးဖွယ်ပြီး၏။

## ဝေဒနာရှုကွက် ကောက်နုတ်ချက်

ဝေဒနာရှုလျှင် သတိနှင့်သမ္ပဇဉ် ပြည့်စုံရပါမည်။
သတိပဋ္ဌာန်လေးပါး လေ့ကျက်သော သတိဖြစ်ရမည်။
သမ္ပဇဉ် (၇)ဌာန (၂၂)ချက် သမ္ပဇဉ်လေးချက်ညီပြီး
(၈၈)ချက် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံရပါမည်။ (သံ/၃/၁၂၃/၄)

သို့မှသာ ထင်သမျှဝေဒနာရှုကွက် မှန်မှန် ရှုဆင်ခြင်နိုင်မည်။ ရှုလျှင် စိတ်ကိုလည်း အာရုံမပြုဘဲ။ ရုပ်ကိုလည်း အာရုံမပြုဘဲ။ ဝေဒနာမှ ကျန်စေတသိက်ကိုလည်း အာရုံမပြုဘဲ။ ဝေဒနာကိုသာ ကွင်းကွင်းကွက်ကွက် အာရုံယူ၊ တိကျစွာ ရှုကွက်မှာ ခက်ခဲနက်နဲ သိမ်မွေ့လေစွ။

ကျွန်တော်ဆိုတဲ့ ဝေဒနာကလေ ချိုမှန်း, ချဉ်မှန်း, နာမှန်း, ကျင်မှန်း, မသိပါဘူးဗျာ။ ခံစားတာနဲ့ဖြစ်ရင် ပျက်သွားတာပါပဲဗျာ သိတာက– ဟိုအကောင် စိတ်စိတ်။ ချိုတာ, ချဉ်တာက–ရသာရုံ ရုပ်ဗျ။ နာတာ ကျင်တာက ဓာတ်ကြီးလေးပါးဖောက်ပြန်တာ ရုပ်ပါဗျ။ ရုပ်ဗျ။ ကျွန်တော်ဆိုတဲ့ ဝေဒနာကို ချိုတယ်, ချဉ်တယ်, နာတယ်, ကျင်တယ်

http://www.dhammadownload.con


လို့ စွပ်စွဲနေကြတာ မှားမနေကြဘူးလားဗျာ။ ချိုမှု, ချဉ်မှု, နာမှု, ကျင်မှု, အောင့်အင်းမှု, တောင့်တင်းမှုကို အာရုံခံစားတာသာ ကျွန်တော် ဝေဒနာဗျ။ ဝေဒနာသဘာဝ ကွင်းကွင်းကွက်ကွက် အာရုံယူပြီး အနိစ္စ စသည်ဖြင့် မပြတ်နှလုံးသွင်း ဝိပဿနာ ပွားများအားထုတ်နေရပါမည်။

ဥပါဒါရုပ်တို့သည် နာသည်, ကျင်သည်, ဆင်းရဲသည်, ချမ်းသာ သည်ဟူ၍ မရှိကြ။ ဥပမာ၊ ဝါဂွမ်းဆိုင်တစ်ခုနှင့်တစ်ခု ထိခိုက်သကဲ့သို့ တည်း။ ဘူတရုပ်တို့သည် နာသည်, ကျင်သည်, ဆင်းရဲသည်, ချမ်းသာ သည်ဟူ၍ ရှိကြ၏။ ဥပမာ ဝါဂွမ်းဆိုင်ကို ပေပေါ်တင်၍တူဖြင့်ရိုက် သော် ဝါဂွမ်းဆိုင်လွန်၍ ပေပေါ်သို့ ထိခိုက်သကဲ့သို့တည်း။ (အဘိဓမ္မတ္ထဒီပက-၃၀)

ဒွေဥရှင်္ဂနိဘိန္ဒိတွာ။ ထေရဿ ဝေဒနံဝိက္ခမ္ဘေတွာ သီလံပစ္စ ဝေက္ခတော ပရိသုဒ္ဓသီလံနိဿာယ ပီတိ ပါမောဇ္ဇံ ဥပ္ပဇ္ဇိ။ တတော အနုက္ကမေန ဝိပဿနံ ဝဍ္ဎေန္တော။ ပ ။ အရဟတ္တံပတ္တော။ (ဒီ-၃/၃၃၉) (၄)

## စိတ်ရှုကွက် ကောက်နုတ်ချက်

စိတ်သည် ဓမ္မသဘာဝအားဖြင့် တစ်ခုချင်းတစ်ခုချင်း ဖြစ်ပေါ် လာပြီးလျှင် တစ်ခဏချင်း တစ်ခဏချင်း လျင်မြန်ဆုံး ချုပ်ပျောက် သွားကြသည်မှာ ဓမ္မနိယာမဟု စွဲမြဲစွာ သိရှိအပ်၏။

အိပ်သည့်အချိန်ကို ချန်ထားပြီး၊ ကျန်အချိန်များ၌ ကုသိုလ် စိတ်ရှစ်မျိုးထဲက တစ်မျိုးမျိုးဖြစ်နေပေသည်။ ကုသိုလ်စိတ် ဖြစ်မနေလျှင် အကုသိုလ်စိတ် (၁၂)မျိုးထဲက တစ်မျိုးမျိုးဖြစ်နေ၏။ ရှုကွက် ကုသိုလ်

http://www.dhammadownload.con


နှင့် အကုသိုလ်(၂)ကွက်၊ ငါ၏စိတ်သည် မည်သည့်အကွက်၌ ကျက်စားဖြစ်နေသနည်းဟု ရှုဆင်ခြင်ရသည်။ မပြတ်နှလုံးသွင်း အောက်မေ့ရသည်။

အကုသိုလ်စိတ်ဖြစ်နေက၊ လူနတ်ဆင်းရဲမက ငရဲတိရစ္ဆာန် အပါယ်ထိ ကျရောက်နိုင်၏။ ကုသိုလ်စိတ်ဖြစ်သော် လူနတ်ချမ်းသာမက– မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်နိုင်၏။ သောတာပန် ဖြစ်နိုင်၏။ အပါယ်တံခါးပိတ်၏။ ဝိသာခါ အနာထပိဏ်လို ဘုံစဉ်စံနိုင်၏။ ဤကား ဓမ္မနိယာမ၏ အစွမ်းသတ္တိဖြစ်သည်။

တပ်မက်ခြင်းနှင့်တကွဖြစ်သောစိတ်ကို တပ်မက်သော လောဘစိတ်

ဒေါသနှင့်တကွဖြစ်သောစိတ်ကို ဒေါသနှင့်တကွဖြစ်သော စိတ်

မောဟနှင့်တကွဖြစ်သောစိတ်ကို မောဟနှင့်တကွဖြစ်သော စိတ်

ကွဲပြားခြားနားစွာ သိရ၏။ သိပုံကား –

ယောဂီရဟန်းသူမြတ်၊ လောဘဖြစ်ပေါ်လာမူ

ဩဘ်– လောဘစိတ်ဖြစ်ပေါ်ပေပြီဟု သိလိုက်သောစိတ်၊ ဆင်ခြင်လိုက်သောစိတ် ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက်၊ လောဘစိတ် ချုပ်ပျောက်သွားတော့၏။ ချုပ်ပျောက်သွားသော လောဘစိတ်ကို အနိစ္စစသည်ဖြင့် လက္ခဏာရေးသုံးပါး တင်ရှု ဝိပဿနာပွားများ အားထုတ်နေရပါမည်။

http://www.dhammadownload.con


အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ တက်ကာ ဒါနသီလ သမထထက် အဖိုးမဖြတ်နိုင်အောင် အကျိုးကျေးဇူးများတဲ့ ဝိပဿနာ ကုသိုလ်ကြီးကို လှုလှုပိုင်ပိုင် ရယူကြရမည်ဖြစ်ပေတော့၏။

## ဓမ္မာနုပဿနာ နီဝရဏရှုကွက် ကောက်နုတ်ချက်

၁။ ကာမစ္ဆန္ဒ၊ ဝတ္ထုကာမကို လိုချင်တောင့်တခြင်း။
၂။ ဗျာပါဒ၊ သူတစ်ပါးကို ပျက်စီးစေခြင်း။
၃။ ထိနမိဒ္ဓ၊ နာမကာယ၏ မခံ့ခြင်း။ ပျင်းရိခြင်း။
၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ပျံ့လွင့်ခြင်း နောင်တပူပန်ခြင်း။
၅။ ဝိစိကိစ္ဆာ၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း။

မိမိသန္တာန် အထက်ပါ နီဝရဏ (၅)ပါး တစ်မျိုးမျိုးဖြစ်လျှင် ဖြစ်၏။ မဖြစ်လျှင် မဖြစ်ဟု ဆင်ခြင်သုံးသပ်နှလုံးသွင်းကြရပါသည်။

မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော နီဝရဏဖြစ်တတ်ပါသည်။ ဖြစ်ပြီးသော နီဝရဏ အလွန်တိုးပွားပါသည်။ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော နီဝရဏ မဖြစ်။ ဖြစ်ပြီးသော နီဝရဏကိုပယ်၏။ ပယ်ပြီးသော နီဝရဏ အသစ်တစ်ဖန် မဖြစ်ပြန်အောင် ဆင်ခြင်အောက်မေ့ရာသည်။

ကုသိုလ်ကိစ္စဖြစ်ဖို့ မဖြစ်အောင် နှောင့်ယှက်တားမြစ်တတ်သော သဘောသတ္တိကို နီဝရဏဟု ဆိုအပ်၏။

http://www.dhammadownload.con


## ခန္ဓာရှုကွက်မှာ –

စာမျက်နှာ (၂၇)၌ ပြခဲ့ပြီးသောနည်းဖြင့်၊

အကြောင်းတရားဖြစ်သည်ရှိသော် အကျိုးတရားဖြစ်၏။

အကြောင်းတရားချုပ်သည်ရှိသော် အကျိုးတရားချုပ်၏ဟု ဆင်ခြင်အောက်မေ့ရာသည်။

ကမ္မသ္မိံ သတိ ကမ္မံ ဟောတိ
ကမ္မသ္မိံ အသတိ ကမ္မံ နဟောတိ
(သံ–၁/၂၆၆)

## အာယတနရှုကွက် ကောက်နုတ်ချက်

စက္ခုပသာဒရုပ် အစရှိသော ဝတ္ထုရုပ် (၆)ပါးကို အနိစ္စ စသည်ဖြင့် ရှုပါရုံစသော အာရုံ (၆)ပါး အနိစ္စစသော ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိရှိရပါမည်။

မရှုမမြင် မသိရှိပါက၊ သံယောဇဉ် (၁၀)ပါး တစ်ပါးပါးဖြစ်တတ်ပါသည်။ ဖြစ်ပေါ်လာသည့် သံယောဇဉ်ကိုလည်း အနိစ္စစသော ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိရှိရပါမည်။

မသင့်သောနှလုံးသွင်းကြောင့် မဖြစ်သေးသော သံယောဇဉ်ဖြစ်ပေါ်၏။ ထိုသံယောဇဉ်ကိုလည်း အနိစ္စ စသော ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိရှိရပါမည်။ သင့်သောနှလုံးသွင်းကြောင့် ဖြစ်ပြီးသော သံယောဇဉ်ကိုလည်း ပယ်၏။ ထိုသံယောဇဉ်ကိုလည်း အနိစ္စ စသည့် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိရှိရပါမည်။

http://www.dhammadownload.con



## သံယောဇဉ် (၁၀)ပါး

၁။ အာရုံမက်မောလျှင် ကာမရာဂ, သံယောဇဉ်ဖြစ်၏။

၂။ အမျက်ထွက်လျှင် ပဋိဃ, သံယောဇဉ်ဖြစ်၏။

၃။ ငါ့အပြင်မရှိဟု ထောင်လွှားလျှင် မာန, သံယောဇဉ်။

၄။ ရုပ်နာမ်စသည်သည် မြဲ၏ဟုယူလျှင် ဒိဋ္ဌိ, သံယောဇဉ်။

၅။ ဤသည်ကား သတ္တဝါဟုတ်လေသလော မဟုတ်လေသလော ဟုတွေးတောလျှင် ဝိစိကိစ္ဆာ, သံယောဇဉ်။

၆။ ရသည့်ဘဝ သာယာလျှင် မရသည့်ဘဝ တောင့်တလျှင် ဘဝရာဂ, သံယောဇဉ်။

၇။ ခွေး, နွားအကျင့် ကျင့်လျှင် သီလဗ္ဗတပရာမာသ, သံယောဇဉ်။

၈။ ငြူစူလျှင် ဣဿာ, သံယောဇဉ်။

၉။ ဝန်တိုလျှင် မစ္ဆရိယ, သံယောဇဉ်။

၁၀။ မောဟ၏ အစွမ်းဖြင့် ဖြစ်သော ကာမရာဂ, သံယောဇဉ်စသည် ဖြစ်ရခြင်းသည် အဝိဇ္ဇာ, သံယောဇဉ်။

ဖြစ်ပေါ်လာသည့် ဗောဇ္ဈင်ကိုလည်း အနိစ္စ စသည့် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိရှိရပါသည်။

ဖြစ်ပြီးသော ဗောဇ္ဈင်ကိုလည်း ပွားများခြင်း ပြည့်စုံစေခြင်းဟု ဉာဏ်အမြင် အဖန်ဖန်ပွားများ ရှုမြင်သိရှိရပါသည်။

## သစ္စာရှုကွက် ကောက်နုတ်ချက်

ယောဂီရဟန်းသူမြတ်သည်၊

ပဉ္စက္ခန္ဓော ဒုက္ခ။ တဏှာသမုဒယော

ဤသို့ အကျဉ်းအားဖြင့်လည်းကောင်း၊

ကတမေ ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓာ စသော

အကျယ်အားဖြင့်လည်းကောင်း၊

ဆရာ၏အထံ၌ သင်၍ နှုတ်ဖြင့် အဖန်တလဲလဲ တပြောင်းပြန်ပြန် စီးဖြန်းရွတ်ဖတ်ခြင်းအမှုကို ပြုရာ၏။

ဒုက္ခသစ္စာ, သမုဒယသစ္စာတို့၌ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း, နာခြင်း, ဆောင်ခြင်း, သုံးသပ်ခြင်းဖြင့် သမ္မသန ပဋိဝေဓဉာဏ်အမြင် ဖြစ်ပေါ်လာပေမည်။

နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကား ကြားနာခြင်းဖြင့် သဝနပဋိဝေဓဉာဏ်အမြင် ဖြစ်ပေါ်လာနိုင်ပေသည်။ လောကီမဂ္ဂသစ္စာဖြစ်သော ဝိပဿနာဉာဏ်ကား ကျင့်သုံးအားထုတ်အပ်သော ကိစ္စအားဖြင့် ဉာဏ်အမြင် ထက်မြက်လာပေမည်။

http://www.dhammadownload.con



ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာတို့သည် ပိုင်းခြားရှုမြင် ကျင့်သုံးရခြင်းဖြင့် ကိစ္စပဋိဝေဓဉာဏ် ရနိုင်ပါသည်။ နိရောဓသစ္စာ၌ကား အာရုံပြုပြုပေးပါမှ အာရမ္မဏပဋိဝေဓဉာဏ်အမြင်ပေါက် နိဗ္ဗာန်သို့ အသိရောက် မျက်မှောက်ပြုနိုင်ပါသည်။

ဤသို့လျှင် စတုသစ္စ ကမ္မဋ္ဌာန်းကိုလည်း အဖန်တလဲလဲ စီးဖြန်းရာ ပွားစေရာ အားထုတ်နှလုံးသွင်း ကျင့်သုံးစေရာသည်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်လိုရင်း ရှုကွက်များ ပြီးဆုံးခြင်းသို့ ရောက်၏။

## မဟာသတိပဋ္ဌာနသုတ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဧဝံမေသုတံ – ဧကံသမယံ ဘဂဝါ ကုရူသုဝိဟာရတိ ကမ္မာသဓမ္မံ နာမ ကုရူနံ နိဂမော။ တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ" တိ။ "ဘဒ္ဒန္တေ"တိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ –

(ဥဒ္ဒေသ)

၂။ ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ<br>
သတ္တာနံ ဝိသုဒ္ဓိယာ<br>
သောက ပရိဒေဝါနံ သမတိက္ကမာယ<br>
ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ

http://www.dhammadownload.con



ဉာယဿ အဓိဂမာယ
နိဗ္ဗာနဿ သစ္ဆိကရိယာယ၊
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။
ကတမေ စတ္တာရော။ (မ/၁/၇၀)

ဣဓဘိက္ခဝေ ဘိက္ခု
ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ၊
ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ၊
စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ၊
ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဥဒ္ဒေသော နိဋ္ဌိတော။

http://www.dhammadownload.con



## ၁။ အာနာပါနပဗ္ဗ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိရဟာတိ။
ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလ ဂတောဝါ
သုညာဂါရဂတောဝါ နိသီဒတိ ပလ္လ င်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ
ပဏိဓာယ ပရိမုခံ သတိံ ဥပထပေတွာ။
သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။
(ဒီဃံဝါ အ/ပ ဿသန္တော “ဒီဃံအ/ပဿသာမိ”တိ ပဇာနာတိ။
ရဿံဝါ အ/ပ ဿသန္တော “ရဿံ အ/ပ ဿသာမိ”တိ ပဇာနာတိ။
“သဗ္ဗကာယ ပဋိသံဝေဒီ အ/ပ ဿသိဿာမိ”တိ သိက္ခတိ။
“ပဿမ္ဘယံ ကာယသင်္ခါရံ အ/ပ ဿသိဿာမိ”တိ သိက္ခတိ။)
သေယျာထာပိ ဘိက္ခဝေဒက္ခော ဘမ ကာရောဝါ ဘမ ကာရန္တေ
ဝါသီဝါ ဒီဃံ/ရဿံ ဝါအဉ္ဆန္တော “ဒီဃံ/ရဿံ အဉ္ဆာ မိ”တိ ပဇာနတိ။
ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု – (      )
( (ဣတိ အဇ္ဈတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ)
(ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ)
(အဇ္ဈတ္တ ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။)
သမုဒယဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊
ဝယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊
သမုဒယဝယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။
“အတ္ထိကာယော” တိဝါ ပနဿ သတိပစ္စု ပဋ္ဌိတာ ဟောတိ
ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

http://www.dhammadownload.con



အနိဿိတောစ ဝိဟရတိ၊
နစ ကိဉ္စိ လောကေ ဥပါဒိယတိ။
ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟရတိ။ )
( ) ကို အခန်းတိုင်း (၁၄)ခန်းထိ အဆုံးတိုင်းမှာ လိုက်ဆို။

## ၂။ ဣရိယာ ပထပဗ္ဗ

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု
ဂစ္ဆန္တောဝါ "ဂစ္ဆာမိ" တိ ပဇာနာတိ၊
ဌိတောဝါ "ဌိတောမှိ" တိ ပဇာနတိ၊
နိသိန္နောဝါ "နိသိန္နောမှိ"တိ ပဇာနာတိ၊
သယနောဝါ "သယာနောမှိ"တိ ပဇာနာတိ၊
ယထာ ယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊
တထာတထာနံ ပဇာနာတိ။

ပဇာနာတိ – အဖွင့်၊ အလယ်လမ်းမှန် အနှစ်ချုပ်ကျင့်ဖွယ် (၇၄)ရှု။

## ၃။ သမ္ပဇည ပဗ္ဗ

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု
အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီဟောတိ၊
အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီဟောတိ၊
သမိဉ္ဇိတေ ပသာရိတေ သမ္ပာဇာနကာရီဟောတိ၊
သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္ပာဇာနကာရီဟောတိ၊
အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပာဇာနကာရီဟောတိ၊

http://www.dhammadownload.con



ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီဟောတိ၊
ဂတေဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ
တုဏှိဘာဝေ သမ္ပဇာန ကာရီဟောတိ။

၇/၁၂/၉၉ ဘဒ္ဒန္တဇောတိက၊ မဟာကမ္မဌာနစရိယ၏အခွေ
B - ၉/၁၀/မှာ သမ္ပဇာနကာရီကို အသေးစိတ်ရှင်းပြထားသည်။

သမ္ပဇည = ဆင်ခြင်ရန် (၄)ပါးမှာ
အကျိုးရှိ /မရှိ။
သင့် /မသင့်။
ကမ္မဌာန်းတရား အာရုံ ပြု/မပြု။
နာမ်ရုပ်သဘာဝ အနိစ္စ စသည် ရှုမိ/ မရှုမိ။

## ၄။ ပဋိကူလမနသိကာရ ပဗ္ဗ

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု

(က္ကမမေဝ ကာယံ ဥဒ္ဓံပါဒတလာ အဓော ကေသမတ္ထကာ တစ ပရိယန္တံ ပူရံ နာနာပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ

"အတ္ထိ က္ကမသ္မိံကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္စံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ဝိဟကံ ပပ္ဖာသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တ" န္တိ။)

http://www.dhammadownload.con



သေယျထာပိ ဘိက္ခဝေ ဥဘတောမုခါ ပုတောဠိပူရာ နာနာဝိဟိတဿ ဓညဿ။ သေယျဒိဒံ၊ သာလီနံ ဝီဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ။ တမေနံ စက္ခုမာပုရိသော မုဥ္စိတွာ ပစ္စဝေက္ခေယျ "ဣမေသာလီ ဣမေဝီဟီ ဣမေမုဂ္ဂါ ဣမေမာသာ ဣမေတိလာ ဣမေတဏ္ဍုလာ"တိ။ ဧမေဝခေါ ဘိက္ခဝေ ဘိက္ခု ( ) မုတ္တ"န္တိ။

## ၅။ ဓာတုမနသိကာရ ပဗ္ဗ

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု

(ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတု သော ပစ္စဝေက္ခတိ "အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူ"တိ။)

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကောဝါ ဂေါဃာတကန္တေ ဝါသီဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ။

ဧဝမေဝခေါဘိက္ခဝေ ဘိက္ခု ( ) ဝါယော ဓာတူ"တိ။

ပဋိကူလ = စက်ဆုတ်ဖွယ်။

ဓာတု = သူ့သဘော သူဆောင်သည့်သဘော

မနသိကာရ = စိတ်၌ထင်အောင် နှလုံးသွင်းပြုရမည်။

တရားအားထုတ်သည်မှာ = မနောကမ္မမေဝ ဘာဝနာ မနောကံ အလုပ်။

http://www.dhammadownload.con



## ၆။ နဝသိဝထိကာ ပဗ္ဗ

(ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျသရီရံ သိဝထိကာယ ဆဍ္ဍိတံ)

( ) (၉)ပိုဒ်လုံး။ ပုနစ ပရံ၊ ပ။ ဆဍ္ဍိတံ။ လိုက်ဆို။

၁။ ဧကာဟမတံ ဝါ

ဒွီဟမတံ ဝါ

တီဟမတံ ဝါ

ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ။

(သော ဣမမေဝ ကာယံ ဥပသံဟရတိ

"အယမ္ပိခေါကာယော ဧဝံဓမ္မော

ဧဝံဘာဝီ ဧဝံအနတီ တော"တိ။

( ) (၉)ပုဒ်လုံး ထည့်ဆို။

၂။ ( ) ကာကေဟိဝါ ခဇ္ဇမာနံ

ကုလလေဟိဝါ ခဇ္ဇမာနံ

ဂိဇ္ဈေ ဟိဝါ ခဇ္ဇမာနံ

ကင်္ကေဟိဝါ ခဇ္ဇမာနံ

သုနခေဟိဝါ ခဇ္ဇမာနံ

ဗျဂ္ဃေဟိဝါ ခဇ္ဇမာနံ

ဒီပီဟိဝါ ခဇ္ဇမာနံ

သိင်္ဂါလေဟိဝါ ခဇ္ဇမာနံ

ဝိဝိဓေဟိဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ။ ( )တိ။

http://www.dhammadownload.con



၃။ အင်္ဂိက သင်္ခလိကံ၊
သမံသလောဟိတံ၊
နှာရုသမ္ဗန္ဓံ။ ( )တိ။
၄။ အင်္ဂိက သင်္ခလိကံ
နိမံသလောဟိတ မက္ခိတံ၊
နှာရုသမ္ဗန္ဓံ။ ( )တိ။
၅။ အင်္ဂိက သင်္ခလိကံ
အပဂတ မံသလောဟိတံ၊
နှာရုသမ္ဗန္ဓံ။ ( )ဧဝံအနတီ တော”တိ။
၆။ ပုနစပရံ ( ) ဆဍ္ဍိတံ။
အင်္ဂိကာနိ အပဂတသမ္ဗန္ဓာနိ ဒိသာဝိဒိသာ ဝိက္ခိတ္တာနိ၊
အညေန ဟတ္ထင်္ဂိကံ၊
အညေန ပါဒင်္ဂိကံ၊
အညေန ဂေါပ္ဖကင်္ဂိကံ၊
အညေန ဇင်္ဃင်္ဂိကံ၊
အညေန ဦရုင်္ဂိကံ၊
အညေန ကဋိင်္ဂိကံ၊
အညေန ဖာသုကင်္ဂိကံ၊
အညေန ပိဋ္ဌိင်္ဂိကံ၊
အညေန ခန္ဓင်္ဂိကံ၊
အညေန ဂီဝင်္ဂိကံ၊
အညေန ဟနုကင်္ဂိကံ၊

http://www.dhammadownload.con



အညေန ဒန္တဋ္ဌိကံ၊
အညေန သီသကဋာဟံ။ (      ) ဧဝံ အနုတီတောတိ။

၇။ အဋ္ဌိကာနိ
သေတာနိ
သင်္ခဝဏ္ဏ ပဋိဘာဂါနိ။ (      ) တိ။

၈။ အဋ္ဌိကာနိ
ပုဉ္ဇကိတာနိ
တေရောဝဿိကာနိ။ (      ) တိ။

၉။ အဋ္ဌိကာနိ ပူတီနိ
စုဏ္ဏက ဇာတာနိ။ (      ) ဧဝံ အနုတီတောတိ။
ဣတိအဇ္ဈတ္တံဝါ (ပ) ကာယေကာယာနုပဿီ ဝိဟရတိ။
နဝသိဝထိက ပဗ္ဗံနိဋ္ဌိတံ။
စုဒ္ဒသကာယာနုပဿနာနိဋ္ဌိတာ။

## ၇။ ဝေဒနာနုပဿနာ

၁၅။ ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု –

၁။ သုခံဝါ ဝေဒနံဝေဒယမာနော "သုခံဝေဒနံ ဝေဒယာမိ"တိ ပဇာနာတိ။

၂။ ဒုက္ခံဝါ ဝေဒနံဝေဒယမာနော "ဒုက္ခံဝေဒနံ ဝေဒယာမိ"တိ ပဇာနာတိ။

http://www.dhammadownload.con



၃။ အဒုက္ခမသုခံဝါ ဝေဒနံ ဝေဒယမာနော "အဒုက္ခမသုခံဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

၄။ သာမိသံဝါသုခံ ဝေဒနံ ဝေဒယမာနော "သာမိသံသုခံဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

၅။ နိရာမိသံဝါသုခံဝေဒနံ ဝေဒယမာနော "နိရာမိသံသုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

၆။ သာမိသံဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော "သာမိသံဒုက္ခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

၇။ နိရာမိသံဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော "နိရာမိသံဒုက္ခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

၈။ သာမိသံဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော "သာမိသံ အဒုက္ခ မသုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

၉။ နိရာမိသံဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော "နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တ ဗဟိဒ္ဓါဝါ ဝေဒနာသုဝေဒနာနုပဿီ ဝိဟရတိ။
သမုဒယ ဓမ္မာနုပဿဝါ ဝေဒနာသု ဝိဟရတိ၊
ဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊
သမုဒယဝယဓမ္မနုပဿီဝါ ဝေဒနာသုဝေဒနာနုပဿီ ဝိဟရတိ။

"အတ္ထိဝေဒနာ"တိဝါ ပနဿ သတိပစ္စုပဋ္ဌိတာဟောတိ

http://www.dhammadownload.con



ယာဝဒေဝဉာဏမတ္တာယ ပဋိဿတိ မတ္တာယ။
အနိဿိတောစ ဝိဟရတိ
နစကိဉ္စိ လောကေ ဥပါဒိယတိ။
ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခုဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဒေနာနုပဿနာနိဋ္ဌိတာ။

## ၈။ စိတ္တာနုပဿနာ

ကထဉ္စပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု –

၁။ သရာဂံဝါ စိတ္တံ "သရာဂံ စိတ္တ"န္တိ ပဇာနာတိ။
၂။ ဝီတရာဂံဝါ စိတ္တံ "ဝီတရာဂံ စိတ္တ"န္တိ ပဇာနာတိ။
၃။ သဒေါသံဝါ စိတ္တံ "သဒေါသံ စိတ္တ"န္တိ ပဇာနာတိ။
၄။ ဝီတဒေါသံဝါ စိတ္တံ "ဝီတဒေါသံ စိတ္တ"န္တိ ပဇာနာတိ။
၅။ သမောဟံဝါ စိတ္တံ "သမောဟံ စိတ္တ"န္တိ ပဇာနာတိ။
၆။ ဝီတမောဟံဝါ စိတ္တံ "ဝီတမောဟံ စိတ္တ"န္တိ ပဇာနာတိ။
၇။ သံခိတ္တံဝါ စိတ္တံ "သံခိတ္တံ စိတ္တ"န္တိ ပဇာနာတိ။
၈။ ဝိက္ခိတ္တံဝါ စိတ္တံ "ဝိက္ခိတ္တံ စိတ္တ"န္တိ ပဇာနာတိ။
၉။ မဟဂ္ဂတံဝါ စိတ္တံ "မဟဂ္ဂတံ စိတ္တ"န္တိ ပဇာနာတိ။
၁၀။ အမဟဂ္ဂတံဝါ စိတ္တံ "အမဟဂ္ဂတံ စိတ္တ"န္တိ ပဇာနာတိ။
၁၁။ သဉတ္တရံဝါ စိတ္တံ "သဉတ္တရံ စိတ္တ"န္တိ ပဇာနာတိ။
၁၂။ အနုတ္တရံဝါ စိတ္တံ "အနုတ္တရံ စိတ္တ"န္တိ ပဇာနာတိ။
၁၃။ သမာဟိတံဝါ စိတ္တံ "သမာဟိတံ စိတ္တ"န္တိ ပဇာနာတိ။

http://www.dhammadownload.con


၁၄။ အသမာဟိတံဝါ စိတ္တံ "အသမာဟိတံ စိတ္တ"န္တိ ပဇာနာတိ။
၁၅။ ဝိမုတ္တံဝါ စိတ္တံ "ဝိမုတ္တံ စိတ္တ"န္တိ ပဇာနာတိ။
၁၆။ အဝိမုတ္တံဝါ စိတ္တံ "အဝိမုတ္တံ စိတ္တ"န္တိ ပဇာနာတိ။
ဣတိ အဇ္ဈတ္တံဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တဗဟိဒ္ဓါဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။
သမုဒယ ဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊
ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊
သမုဒယ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ။
"အတ္ထိ စိတ္တ"န္တိဝါ ပနဿသတိ ပစ္စုပဋ္ဌိတာ ဟောတိ
ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ။
အနိဿိတောစ ဝိဟရတိ၊ နစကိဉ္စိ လောကေဥပါဒိယတိ။
(ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခုစိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။)

**စိတ္တာနုပဿနာ နိဋ္ဌိတာ။**

## ၉။ ဓမ္မာနုပဿနာ

### ၁။ နီဝရဏ

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ဣဓဘိက္ခဝေ ဘိက္ခုဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ ပဉ္စသုနီဝရဏေသု။ ကထဉ္စ ပနဘိက္ခဝေ ဘိက္ခုဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသုနီဝရဏေသု။

http://www.dhammadownload.con



ဣဓ ဘိက္ခဝေ ဘိက္ခု

သန္တံဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ “အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော”တိ ပဇာနာတိ၊
အသန္တံဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ “နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော”တိ ပဇာနာတိ၊

ယထာစ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊
ယထာစ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊
ယထာစ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စပဇာနာတိ။

ဗျာပါဒံ။ ပ။ ဗျာပါဒေါ”တိ။ ပ။ ဗျာပါဒဿ။
ထိနမိဒ္ဓံ။ ပ။ ထိနမိဒ္ဓ” န္တိ။ ပ။ ထိနမိဒ္ဓဿ။
ဥဒ္ဓစ္စကုက္ကုစ္စံ။ ပ။ ဥဒ္ဓစ္စကုက္ကုစ္စ” န္တိ။ ပ။ ဥဒ္ဓစ္စကုက္ကုစ္စဿ။
ဝိစိကိစ္ဆံ။ ပ။ ဝိစိကိစ္ဆ” န္တိ။ ပ။ ဝိစိကိစ္ဆာယ။
ဣတိ အဇ္ဈတ္တံဝါ ဓမ္မေသုဓမ္မာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါဝါ ဓမ္မေသုဓမ္မာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တဗဟိဒ္ဓါဝါ ဓမ္မေသုဓမ္မနုပဿီ ဝိဟရတိ။
သမုဒယ ဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ၊
ဝယဓမ္မာ ဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ၊
သမုဒယဝယ ဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ။
“အတ္ထိဓမ္မာ”တိဝါပနဿ။ ပ။ ဓမ္မေသုဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသုနီဝရဏေသု။

နီဝရဏပဗ္ဗံ နိဋ္ဌိတံ။

http://www.dhammadownload.con


## ၂။ ခန္ဓပဗ္ဗ

ပုနစပရံ ဘိက္ခဝေ ဘိက္ခုဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။
ကထဉ္စပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။
ဣဓ ဘိက္ခဝေ ဘိက္ခု
ဣတိရူပံ၊ ဣတိရူပဿ သမုဒယော၊ ဣတိရူပဿ အတ္ထင်္ဂမော။
ဣတိဝေဒနာ၊ ဣတိဝေဒနာယ သမုဒယော၊ ဣတိဝေဒနာယ အတ္ထင်္ဂမော။
ဣတိသညာ၊ ဣတိသညာယ သမုဒယော၊ ဣတိသညာယ အတ္ထင်္ဂမော။
ဣတိသင်္ခါရာ၊ ဣတိသင်္ခါရာနံ သမုဒယော၊ ဣတိသင်္ခါရာနံ အတ္ထင်္ဂမော။
ဣတိဝိညာဏံ၊ ဣတိဝိညာဏဿ သမုဒယော၊ ဣတိဝိညာဏဿ အတ္ထင်္ဂမောတိ။

ဣတိ အဇ္ဈတ္တံဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊
အဇ္ဈတ္တ ဗဟိဒ္ဓါဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။
သမုဒယ ဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ၊
ဝယ ဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ၊
သမုဒယဝယ ဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ။

http://www.dhammadownload.con


"အတ္ထိဓမ္မာ"တိ ဝါပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊
ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ။
အနိဿိတောစ ဝိဟရတိ၊
နစကိဉ္စိလောကေ ဥပါဒိယတိ။
ဧဝမ္ပိခေါ ဘိက္ခဝေဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ခန္ဓပဗ္ဗံ နိဋ္ဌိတံ။

## ၃။ အာယတနပဗ္ဗ

ပုနစပရံ ဘိက္ခဝေ ဘိက္ခုဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသု။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသု။

ဣဓ ဘိက္ခဝေ ဘိက္ခု –

စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ၊
ယဉ္စ တဒုဘယံ ပဋိစ္စဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ၊
ယထာစ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊
ယထာစ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊
ယထာစ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါဟောတိ တဉ္စ ပဇာနာတိ။

သောတဉ္စ။ ပ။ သဒ္ဒေစ။

http://www.dhammadownload.con



ဃာနဉ္စ။ ပ။ ဂန္ဓေစ။
ဇိဝှါစ။ ပ။ ရသေစ။
ကာယဉ္စ။ ပ။ ဖောဋ္ဌဗ္ဗေစ။
မနဉ္စ။ ပ။ ဓမ္မေစ။ ပ ။ ပဇာနာတိ။
ဧဝမ္ပိ။ ပ။ ဝိဟရတိ။

အာယတနပဗ္ဗံ နိဋ္ဌိတံ။

## ၄။ ဗောဇ္ဈင်္ဂပဗ္ဗ

ပုနစပရံ ဘိက္ခဝေ ဘိက္ခုဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။

ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ သတိ သမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ၊

အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ "နတ္ထိ မေ အဇ္ဈတ္တံ သတိ သမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ၊

ယထာစ အနုပ္ပန္နဿ သတိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊

ယထာစ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီဟောတိ တဉ္စ ပဇာနာတိ။

ဓမ္မဝိစယ
ဝီရိယ

http://www.dhammadownload.con



ပီတိ

ပဿဒ္ဓိ

သမာဓိ

ဥပေက္ခာ။ ၀။

ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ဗောဇ္ဈင်္ဂပဗ္ဗံ နိဋ္ဌိတံ။

## ၅။ သစ္စပဗ္ဗ

ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။

ဣဓ ဘိက္ခဝေ ဘိက္ခု –

"ဣဒံ ဒုက္ခ" န္တိ ယထာဘူတံ ပဇာနာတိ၊

"အယံ ဒုက္ခ သမုဒယော"တိ ယထာဘူတံ ပဇာနာတိ၊

"အယံ ဒုက္ခနိရောဓော"တိ ယထာဘူတံ ပဇာနာတိ၊

"အယံ ဒုက္ခနိရောဓဂါမိနိပဋိပဒါ"တိ ယထာဘူတံ ပဇာနာတိ။

ပဌမ ဘာဏဝါရော နိဋ္ဌိတော။

http://www.dhammadownload.con



## ၁။ ဇာတိ

၁။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊
သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

## ၂။ ဇာတိပိ ဒုက္ခာ

ကတမာ စ ဘိက္ခဝေ ဇာတိ။
ယာတေသံတေသံ သတ္တာနံ တမှိတမှိ
သတ္တနိကာယေ ဇာတိ
သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ
အာယတနာနံ ပဋိလာဘော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

## ၃။ ဇရာပိ ဒုက္ခာ

ကတမာ စ ဘိက္ခဝေ ဇရာ။
ယာတေသံ တေသံ သတ္တာနံ တမှိတမှိ သတ္တနိကာယေ ဇရာ
ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနောသံဟာနိ၊
ဣန္ဒြိယာနံ ပရိပါကော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။

http://www.dhammadownload.con



## ၄။ မရဏမ္ပိ ဒုက္ခံ

ကတမဉ္စ ဘိက္ခဝေ မရဏံ။
ယံ တေသံ တေသံ သတ္တာနံ တမှာတမှာ သတ္တနိကာယာ စုတိ
စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ
ခန္ဓာနံ ဘေဒေါ
ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ။
ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ။

## ၅။ သောက

ကတမော စ ဘိက္ခဝေ သောကော။
ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ
အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ
သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော။
အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။

## ၆။ ပရိဒေဝ

ကတမော စ ဘိက္ခဝေ ပရိဒေဝေါ။
ယောခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာ ဂတဿ
အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ
အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ။
အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။

http://www.dhammadownload.con



## ၇။ ဒုက္ခ

ကတမဥ္စ ဘိက္ခဝေ ဒုက္ခံ။
ယံခေါ ဘိက္ခဝေ ကာယိကံဒုက္ခံ ကာယိကံ အသာတံ
ကာယသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ။
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

## ၈။ ဒေါမနဿ

ကတမဥ္စ ဘိက္ခဝေ ဒေါမနဿံ။
ယံခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ စေတသိကံ အသာတံ
မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ။
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

## ၉။ ဥပါယာသ

ကတမော စ ဘိက္ခဝေ ဥပါယာသော။
ယောခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ။
အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော
အာယာသိတတ္တံ ဥပယာသိတတ္တံ။
အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။

## ၁၀။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော

ကတမောစ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော။
ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ
ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊

http://www.dhammadownload.con


ယေဝါပနဿ တေ ဟောန္တိ အနတ္တာ ကာမာ အဟိတကာမာ
အဖာသုကကာမာ
အယောဂက္ခေမကာမာ၊ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ သမာဂမော
သမောဓါနံ မိဿီဘာဝေါ။
အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

## ၁၁။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော

ကတမောစ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။
ဣဓ ယဿ တေ ဟောန္တိ ဣဋ္ဌာ ကန္တာ မနာပါ
ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊
ယေ ဝါ ပနဿ တေ ဟောန္တိ အတ္ထကာမာ ဟိတကာမာ
ဖာသုကကာမာ
ယောဂက္ခေမကာမာ မာတာဝါ ပိတာဝါ ဘာတာဝါ ဘဂိနီဝါ
မိတ္တာဝါ အမစ္စာဝါ ဉာတိ သာလောဟိတာဝါ၊ ယာတေဟိ
သဒ္ဓိံ အသင်္ဂတိ အသမာဂမော အသမောဓါနံ အမိဿီ ဘာဝေါ။
အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

## ၁၂။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ

ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ။
ဇာတိ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ
"အဟောဝတ မယံ နဇာတိဓမ္မာ အဿာမ၊
နစ ဝတ နော ဇာတိအာဂစ္ဆေယျာ"တိ။

http://www.dhammadownload.con



နခေါ ပနေတံ ဣက္ကာယ ပတ္တဗ္ဗံ၊
ဣဒမ္ပိ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ။

ဇရာ မမှာနံ
ဗျာဓိ မမှာနံ
မရဏ မမှာနံ
သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသမမှာနံ
အာဂစ္ဆေယျုံ။ ပ။ နလဘတိ တမ္ပိဒုက္ခံ။

## ၁၃။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ

ကတမေ စ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။
သေယျထိဒံ
ရူပုပါဒါနက္ခန္ဓော၊
ဝေဒနုပါဒါနက္ခန္ဓော၊
သညုပါဒါနက္ခန္ဓော၊
သင်္ခါရုပါဒါနက္ခန္ဓော၊
ဝိညာဏုပါဒါနက္ခန္ဓော။
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယ သစ္စံ။

ဒုက္ခ သစ္စာခန်း ပြီး၏။

http://www.dhammadownload.con



## ၁၄။ သမုဒယသစ္စာ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။
ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ ဘိနန္ဒိနီ။
သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။
သာခေါ် ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ကတ္ထ နိဝိသမာနာ နိဝိသတိ။
ယံလောကေ ပိယရူပံ သာတရူပံ၊
ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊
ဧတ္ထနိဝိသမာနာ နိဝိသတိ။
ကိဉ္စလောကေ ပိယရူပံ သာတရူပံ။
စက္ခုလောကေ ပိယရူပံ သာတရူပံ၊
ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊
ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ပ။ မနောလောကေ။ ပ။ နိဝိသတိ။
ရူပါလောကေ။ ပ။ မနောလောကေ။ ပ။ ဧတ္ထနိဝိသမာနာ နိဝိသတိ။
စက္ခုဝိညာဏံလောကေ။ ပ။ မနောဝိညာဏံလောကေ။ ပ။ နိဝိသတိ။
စက္ခုသမ္ဖဿောလောကေ။ ပ။ မနောသမ္ဖဿောလောကေ။ ပ။ နိဝိသတိ။
စက္ခုသမ္ဖဿဇာ ဝေဒနာလောကေ။ ပ။ မနောသမ္ဖဿဇာ ဝေဒနာ လောကေ။ ပ။
ရူပ သညာလောကေ။ ပ။ ဓမ္မသညာလောကေ။ ပ။ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

http://www.dhammadownload.con



ရူပ သဉ္စေတနာလောကေ။ ပ။ ဓမ္မသဉ္စေတနာလောကေ။ ပ။ ဧတ္ထေနိဝိ
သမာနာနိဝိသတိ။
ရူပတဏှာလောကေ။ ပ။ ဓမ္မတဏှာလောကေ။ ပ။ ဧတ္ထေနိဝိ
သမာနာနိဝိသတိ။
ရူပဝိတက္ကောလောကေ။ ပ။ ဓမ္မဝိတက္ကောလောကေ။ ပ။ ဧတ္ထေနိဝိ
သမာနာနိဝိသတိ။
ရူပဝိစာရောလောကေ။ ပ။ ဓမ္မဝိစာရောလောကေ။ ပ။ ဧတ္ထေနိဝိ
သမာနာနိဝိသတိ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

သမုဒယသစ္စာ ပြီး၏။

## ၁၅။ နိရောဓသစ္စာ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။
ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓေါ စာဂေါ
ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။
သာခေါပနေသာ ဘိက္ခဝေ တဏှာ
ကတ္ထ ပဟီယမာနာ ပဟီယတိ၊
ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။
ယံလောကေ ပိယရူပံ သာတရူပံ၊
ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊
ဧတ္ထ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
ကိဉ္စလောကေ ပိယရူပံ သာတရူပံ၊

http://www.dhammadownload.con



စက္ခုလောကေ ပိယရူပံ သာတရူပံ၊
ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊
ဧတ္ထ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။ ပ။ မနောလောကေ။ ပ။ နိရုဇ္ဈတိ။
ရူပါလောကေ။ ပ ။ ဓမ္မာလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
စက္ခုဝိညာဏံလောကေ။ ပ။ မနောဝိညာဏံလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
စက္ခုသမ္ဖဿောလောကေ။ ပ။ မနောသမ္ဖဿော လောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
စက္ခုသမ္ဖဿဇာ ဝေဒနာလောကေ။ ပ။ မနောသမ္ဖဿဇာ ဝေဒနာ လောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
ရူပသညာလောကေ။ ပ။ ဓမ္မသညာလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
ရူပသဉ္စေတနာလောကေ။ ပ။ ဓမ္မသဉ္စေတနာလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
ရူပတဏှာလောကေ။ ပ။ ဓမ္မတဏှာလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
ရူပဝိတက္ကောလောကေ။ ပ။ ဓမ္မဝိတက္ကောလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။
ရူပဝိစာရောလောကေ။ ပ။ ဓမ္မဝိစာရောလောကေ။ ပ။ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

နိရောဓသစ္စာ ပြီး၏။

http://www.dhammadownload.con



## ၁၆။ မဂ္ဂသစ္စာ

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။
သေယျထိဒံ –

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော
သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

(၁) ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။
ယံ ခေါ ဘိက္ခဝေ ဒုက္ခေဉာဏံ ဒုက္ခသမုဒယေဉာဏံ
ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ။
အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

(၂) တမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။
နေက္ခမ္မ သင်္ကပ္ပေါ အဗျာပါဒသင်္ကပ္ပေါ အဝိဟိံသ သင်္ကပ္ပေါ။
အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

(၃) ကတမာစ ဘိက္ခဝေ သမ္မာဝါစာ။
မုသာဝါဒါ ဝေရမဏီ ပိသုဏာယဝါစာယ ဝေရမဏီ
